# COVID-19 လမ်းညွှန်ချက်

ကျွန်ုပ်တို့၏ ပြည်နယ်တွင်း လျင်မြန်စွာ တိုးပွားလာသည့် COVID-19 ကူးစက်သူဦးရေကို လျော့နည်းစေရန်နှင့် ဆေးရုံနှင့် ဆေးဘက်ဆိုင်ရာ စနစ်များ ထိန်းမနိုင်တော့ခြင်း မဖြစ်စေရန်အလို့ငှာ အများပြည်သူကျန်းမာရေးကို ကာကွယ်ဖို့ လိုအပ်နေသည့် အလွန်ခက်ခဲသော အဆင့်ဆင့်ကို ဆောင်ရွက်လျက်ရှိပါသည်။

၎င်းက လုပ်ငန်းများစွာအတွက် ငွေကြေး အခက်အခဲ ဖြစ်စေမည်ကို ကျွန်ုပ်တို့ သိနားလည်ပြီး အစိုးရနှင့် ဝန်ထမ်းများက ထိခိုက်နစ်နာမှုများ လျော့ပါးစေရန် နည်းလမ်းများကို ရှာဖွေနေပါသည်။

- နိုဝင်ဘာလ 16 ရက်၊ တနင်္လာနေ့ ညသန်းခေါင်မှ ဒီဇင်ဘာလ 14 ရက်၊ တနင်္လာနေ့အထိ Washington (ဝါရှင်တန်) ရှိ ကောင်တီအားလုံးသည် အောက်တွင် အကြမ်းဖော်ပြထားသည့် ကန့်သတ်ချက်များအတိုင်း ပြန်လည်နေထိုင်ပေးရမည်။

**ကောင်တီအားလုံးအတွက် ကန့်သတ်ချက်ဆိုင်ရာ ပြင်ဆက်ချက်များသည် တစ်နည်းအားဖြင့် မှတ်ချက်ပြုမထားသရွေ့ နိုဝင်ဘာလ 16 ရက်၊ တနင်္လာမှစ၍ အကျုံးဝင်ပါသည်။** လုပ်ဆောင်ချက်ကို ဖော်ပြမထားပါက ၎င်း၏ လက်ရှိ လမ်းညွှန်ချက်ကို လိုက်နာရပါမည်။ K-12/အဆင့်မြင့် ပညာရေး၊ ကျန်းမာရေးနှင့် ကလေးစောင့်ရှောက်မှုအားလုံးတို့သည် ကန့်သတ်ချက်အသစ်မှ ကင်းလွတ်ခွင့်ရှိပြီး လက်ရှိ လမ်းညွှန်ချက်ကို လိုက်နာရပါမည်။ ဤကန့်သတ်ချက်များသည် တရားရုံးများနှင့် တရားရေးရာ ဌာနခွဲဆိုင်ရာ ဆက်လက်လုပ်ဆောင်မှုများနှင့် မသက်ဆိုင်ပါ။

1. **သင်၏ အိမ်ထောင်စုပြင်ပမှ လူများက** (က) အများနှင့် စုဝေးတွေ့ဆုံမှုမတိုင်မီ တစ်ဆယ့်လေး (14) ရက်ကြာ ရောဂါခြေချုပ်ခြင်း သို့မဟုတ် (ခ) အများနှင့် စုဝေးတွေ့ဆုံမှုများ မပြုလုပ်မီ ခုနှစ်ရက် (7) ကြာ ရောဂါခြေချုပ်ဖြင့်နေပြီး စုဝေးတွေ့ဆုံမှု မပြုလုပ်မီ 48 နာရီထက်မပိုဘဲ COVID-19 ပိုးမတွေ့ စစ်ဆေးမှု ရလဒ်များ ရရှိခြင်း မရှိသရွေ့ အဆောက်အဦတွင်း အများပြည်သူ စုဝေးတွေ့ဆုံမှုများ။ အတည်တကျအိမ်ရာတွင်း အတူနေထိုင်သူများအား အိမ်သူအိမ်သားများဟု သတ်မှတ်သည်။
2. **အဆောက်အဦပြင်ပတွင် အများနှင့် စုဝေးတွေ့ဆုံမှုများ**တွင် သင့်အိမ်ထောင်စု ပြင်ပရှိ လူငါးဦး (5) အထိသာ ပါဝင်ရပါမည်။
3. **စားသောက်ဆိုင်များနှင့် ဘားများ**သည် ဆိုင်တွင်း ထိုင်စားသော ဝန်ဆောင်မှုကို ပိတ်ထားရမည်။ အပြင်ဘက်တွင် စားသောက်ခြင်းသည် အပြင်ဘက်တွင် စားသောက်ခြင်း

လမ်းညွှန်ချက်ပါ သတ်မှတ်ချက်များကို လိုက်နာပါက အပြင်ဘက်တွင် ထိုင်စားခြင်းနှင့် ပါဆယ် ဝန်ဆောင်မှုကို ခွင့်ပြုထားသည်။ အပြင်ဘက်တွင် ထိုင်စားခြင်းအတွက် စားပွဲ အရွယ်အစားကို အများဆုံး လူငါး (5) ဦးသာ ခွင့်ပြုပါသည်။ ဤပြင်ဆင်ထားသည့် စားသောက်ဆိုင်နှင့် ဘား ကန့်သတ်ချက်များသည် နံနက် 12:01 နာရီ၊ ဗုဒ္ဓဟူးနေ့၊ နိုဝင်ဘာလ 18 ရက်၊ 2020 တွင် စတင်အကျိုးဝင်ပါသည်။

4. **ကာယလေ့ကျင့်ရုံခန်းမများ**တွင် ရုံတွင်း လေ့ကျင့်မှုများကို ပိတ်ထားသည်။ အပြင်ဘက် ကာယလေ့ကျင့်ခန်း သင်တန်းများကို ခွင့်ပြုသော်လည်း အထက်ဖော်ပြပါ အပြင်ဘက်တွင် စုဝေးတွေ့ဆုံမှု ကန့်သတ်ချက်ကို လိုက်နာရပါမည်။

5. **ဘိုးလင်းစင်တာများ**ကို ရုံတွင်း ဝန်ဆောင်မှုအတွက် ပိတ်ထားသည်။

6. **အထွေထွေ ရုံများ-** လက်လီ ရောင်းချမှုများနှင့် လုပ်ငန်း အစည်းအဝေးအားလုံးကို တားမြစ်ထားသည်။ အဝေးမှာ သင်ကြားမရနိုင်သည့် ကျွမ်းကျင်သူဆိုင်ရာ သင်တန်းနှင့် စမ်းသပ်မှုအပြင် တရားရုံးနှင့် တရားစီရင်ရေး ဌာနခွဲဆိုင်ရာ စီစဉ်လုပ်ဆောင်ခြင်းများကိုသာ ခွင့်ပြုပါသည်။ အစည်းအဝေးခန်းတစ်ခုစီတွင် လူဦးရေအား အဆောက်အအုံတွင်း ကန့်သတ်ချက်၏ 25% သို့မဟုတ် လူ 100 ဦး ပိုနည်းသည့်အရေအတွက်သာ ခွင့်ပြုထားသည်။

   - အထွေထွေ ကျင်းပရုံများတွင် ညီလာခံ/စုပေါင်းတွေ့ဆုံရေး စင်တာများ၊ ဟိုတယ်ရှိ သတ်မှတ် အစည်းအဝေး နေရာများ၊ ပွဲစင်တာများ၊ ပွဲခင်းများ၊ အားကစား ပြိုင်ကွင်းများ၊ ကိုယ်ကျိုးမဖက်အဖွဲ့ အဆောက်အအုံ သို့မဟုတ် ရေရှည်တည်တံ့ရေးဆိုင်ရာ အလားတူ ရုံတို့ ပါဝင်သည်**။**

7. **ရုပ်ရှင်ရုံများ**က ရုံတွင်းပြသမှုများကို ပိတ်ထားသည်။ ကားပေါ်မှ ကြည့်ရသည့် ရုပ်ရှင်ရုံများကို ခွင့်ပြုထားသော်လည်း လက်ရှိ ကားပေါ်မှကြည့်ရသည့် ရုပ်ရှင်ရုံ လမ်းညွှန်ချက်ကို လိုက်နာရမည်။

8. **ပြတိုက်များ/တိရစ္ဆာန်ရုံများ/ငါးပြတိုက်များ**က ရုံတွင်း ပြသမှုကို ပိတ်ထားသည်။

9. **အိမ်ခြံမြေရောင်းချခြင်း-** အိမ်ရာခင်းကျင်းရောင်းချမှုကို တားမြစ်ထားသည်။

10. **မင်္ဂလာဆောင်နှင့် နာရေးများ-** အခမ်းအနားများတွင် စုစုပေါင်း လူ 30 ဦးထက် မပိုရန် ကန့်သတ်ထားသည်။ အဆိုပါ အခမ်းအနားနှင့် ပတ်သက်၍ ရုံတွင်း ဧည့်ခံကြိုဆိုရေးများ၊ ညအိပ်စောင့်မှုများ သို့မဟုတ် အလားတူ စုဝေးတွေ့ဆုံမှုများကို တားမြစ်ထားသည်။

11. **စတိုးဆိုင် လက်လီရောင်းချခြင်း**ကို အဆောက်အအုံတွင်း လူဦးရေကန့်သတ်ချက်၏ 25 ရာခိုင်နှုန်းသာ ခွင့်ပြုပြီး စားသောက်ဆိုင်တန်းများကဲ့သို့ အများ/စုပေါင်းထိုင်စား နေရာများနှင့် အဆောက်အအုံတွင်း စားသောက်ရုံများကို ပိတ်ထားသည်။

12. **ဘာသာရေး ဝတ်ပြုမှုများ** အဆောက်အအုံအတွင်းပိုင်း ဝင်ဆံ့သူဦးရေ၏ 25% သို့မဟုတ် လူ 200 ဦး ပိုနည်းသည့်အရေအတွက်သာ ခွင့်ပြုထားသည်။ ဝတ်ပြုသူများ/တက်ရောက်သူများသည် တစ်ချိန်လုံး မျက်နှာအကာများ ဝတ်ဆင်ရမည်ဖြစ်ပြီး ဝတ်ပြုသီချင်းဆိုမှုကို တားမြစ်ထားသည်။ ဓမ္မတေးသံပြိုင်ဆိုမှု၊ ဂီတအဖွဲ့ သို့မဟုတ် တူရိယာဝိုင်း တီးခတ်မှုတို့ကို ဝတ်ပြုစဉ် မပြုလုပ်ရပါ။ တေးသံရှင် သို့မဟုတ် တူရိယာတစ်ကိုယ်တော်ဖျော်ဖြေသူများကို သီဆိုဖျော်ဖြေခွင့်ပြုပြီး တေးသံရှင် တစ်ကိုယ်တော်ဖျော်ဖြေသူများတွင် ဂီတလိုက်တီးပေးသူ တစ်ဦးသာ ရှိနိုင်ပါသည်။ အပြင်ဘက် ဝန်ဆောင်မှုများက တည်ဆောက်ပုံ သို့မဟုတ် အဆောက်အအုံနှင့် သက်ဆိုင်သည့် ဤနေရာတွင် မြင်တွေ့ရမည့် အပြင်ဘက် တည်ခင်းစားသောက်ရေး လမ်းညွှန်ချက်ကို လိုက်နာရမည်။

13. **ကျွမ်းကျင်သူ ဝန်ဆောင်မှုများ**သည် ဝန်ထမ်းများအား တတ်နိုင်သမျှ အိမ်ကနေ အလုပ်လုပ်ရန်နှင့် ဖြစ်နိုင်ပါက အများပြည်သူမလာစေရန် ရုံးများပိတ်ထားဖို့ ပြဋ္ဌာန်းရမည်။ မဖြစ်မနေ ဖွင့်ထားရမည့် ရုံးခန်းများသည် ရုံးခန်းတွင်း လူဦးရေ ကန့်သတ်ချက်များ၏ 25 ရာခိုင်နှုန်းအထိသာ ခွင့်ပြုရမည်။

14. **တစ်ကိုယ်ရေ ဝန်ဆောင်မှုများ**ကို ရုံတွင်း လူဦးရေ ကန့်သတ်ချက်များ၏ 25 ရာခိုင်နှုန်းအထိ ခွင့်ပြုထားသည်။

    - တစ်ကိုယ်ရေ ဝန်ဆောင်မှုပေးသူများတွင် အလှပြင်ခန်းများ၊ အလှအပစမ်းသပ်မှု၊ ဆံသပညာရှင်များ၊ ဆံသဆရာများ၊ အလှပညာရှင်များ၊ မာစတာ အလှပညာရှင်များ၊ လက်သည်းပညာရှင်များ၊ လက်သည်းပြင်ဝန်ထမ်းများ၊ အမွေးဖယ်ရှားရေးကျွမ်းကျင်သူများ၊ အမြဲတမ်း မိတ်ကပ် ပညာရှင်များ၊ အသားအရေ အလှပြင်ဆိုင်များနှင့် တက်တူး ပညာရှင်များ ပါဝင်သည်။

15. **ကာလရှည် ပြုစုစောင့်ရှောက်ရုံများ-** အပြင်ဘက်တွင် တွေ့ဆုံမှုများကို ခွင့်ပြုထားသည်။ အဆောက်အအုံတွင်း တွေ့ဆုံမှုများကို တားမြစ်ထားသည်၊ သို့သော် အခြေခံ ပံ့ပိုးသူ သို့မဟုတ် နောက်ဆုံးအခြေအနေရောက်နေသူအတွက် ပံ့ပိုးသူများကို ခြွင်းချက်အဖြစ် ခွင့်ပြုထားသည်။ ဤကန့်သတ်ချက်များကို Proclamation 20-74 နှင့် ဆက်စပ် ပြဋ္ဌာန်းချက်များတွင်

အဆောက်အအုံများအတွက်လည်း ထပ်မံတိုးချဲ့ထားသည်။ ဧည့်သည်အားလုံးအတွက် ပဏာမ စံသတ်မှတ်ချက်အားလုံး အပါအဝင် Proclamations 20-66 နှင့် ဆက်စပ် ပြဋ္ဌာန်းချက်အား လုံးအပြင် 20-74 နှင့် ဆက်စပ် ပြဋ္ဌာန်းချက်များမှာ ဆက်လက်၍ အကျုံးဝင်နေပါမည်။

16. **လူငယ်နှင့် လူကြီး အားကစား လှုပ်ရှားမှုများ**- အဆောက်အအုံတွင်း လှုပ်ရှားမှုများနှင့် ယှဉ်ပြိုင်သူအားလုံးနှင့် ကစားပွဲများကို တားမြစ်ထားသည်။ အပြင်ဘက် လှုပ်ရှားမှုအားလုံးကို အသင်းတွင်း လေ့ကျင့်မှုများအတွက်သာ ခွင့်ပြုပြီး နည်းပြများ၊ စေတနာ့ဝန်ထမ်းများနှင့် အားကစားသမားအားလုံးက နှာခေါင်းစည်းများကို အချိန်တိုင်း ဝတ်ထားရမည်။